––––– ခုနှစ် နမူနာမေးခွန်း

**တက္ကသိုလ်ဝင်စာမေးပွဲ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**မြန်မာစာ** **ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါတို့အနက် **တစ်ခု** အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
မင်စာ၊ ဇကွဲ ပြောင်းလဲပုံ၊ ပယတ်။

(ခ) ပေးထားသောစကားလုံးတို့မှ **ငါးခု**ကိုရွေးချယ်၍ ဆီလျော်ရာဝါကျတစ်ခုစီတွင်သုံးပြပါ။ (၁၀မှတ်)
မည်သည့် နာမ်စားမျိုး သို့မဟုတ် နာမဝိသေသနမျိုး ဖြစ်ကြောင်းကိုလည်း ဖော်ပြပါ။

အားလုံး၊နှစ်ကောင်၊ယင်း၊အချို့၊မည်သည့်၊ သူ၊ ထို။

(၁) ––––သည် ကြင်နာသနားတတ်သည်။
(၂) ငှက် –––– သည် သစ်ကိုင်းထက်တွင် နားနေကြသည်။
(၃) ကျောင်းသား –––– သည် စာကြိုးစားကြသည်။
(၄) –––– ကား ပညာရှိတို့ အဆိုအမိန့်တည်း။
(၅) မြန်မာနိုင်ငံတွင် –––– အရပ်၌ ပူပြင်းခြောက်သွေ့သည်။
(၆) –––– မုန့်ကို သင်စားလိုသနည်း။
(၇) မဟာမြိုင်တောသို့ ကျားရဲပေါသဖြင့် –––– အရပ်သို့သွားလျှင် သတိရှိပါ။

၂။ (က) အောက်ပါဝေါဟာရတို့အနက် **ငါးခု**၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
ဆိတ်ညံ၊ ကံကျွေး၊ မကျင့်သီး၊ ဖွန်လုံး၊ ရဝေ၊ မုန်ဝိုင်း၊ စရိယ။

(ခ) အောက်ပါစကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ (၅မှတ်)
ကြိကြိတက်–ကျိကျိတက်၊ကြင်ရာ–ကြင်ယာ၊ထွားကျိုင်း–ထွားကြိုင်း၊ရွေးချယ်–ရွေးခြယ်၊
စကြဝဠာ – စကြာဝဠာ။

(ဂ) အောက်ပါတို့အနက်**ငါးခု** ကို အလင်္ကာ **ငါးမျိုး**မှ မည်သည့်အလင်္ကာဖြစ်ကြောင်း (၁၀မှတ်)
ဖော်ပြပါ။ သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့အသုံးပြုထားသည့်အတွက်
ဤအလင်္ကာမြောက်ကြောင်းကိုလည်း ရှင်းပြပါ။

ဖွတ်မင်းနောင်၊မြေနှင့်ရန်ဖက်၊မင်္ဂငြိမ်း၊မုန်းပင်၊ကိန္နရီကသည့်နှယ်၊ဝါးခနဲ၊သွေးချောင်းကျ။

၃။ (က) အောက်ပါတို့မှ **ငါးခု** ကိုဖြေပါ။ (၅မှတ်)
(၁) "တောင်ထွတ်ဖျားဆီ၊ ရွှေစာတီ၊ သရီရဓာတ်စွယ်" ၏ဆိုလိုရင်းကိုရေးပါ။
(၂) နွေဦးကာလမြူထသောခါ ကဗျာကို မည်သည့်ခေတ်တွင် ရေးသနည်း။
(၃) စစ်မှာတစ်မူ ကဗျာအမျိုးအစားကို ဖော်ပြပါ။
(၄) ရာမရကန်ကို မည်သူရေးခဲ့သနည်း။
(၅) သုံးထောင့်အဲဟူသည်အဘယ်နည်း။
(၆) ဌာနီပြည်ကြီးက ဝေးသနှင့်ကဗျာကို မည်သည်မှ ကောက်နုတ်ထားသနည်း။
(၇) အချုပ်တန်းဆရာဖေနှင့်ခေတ်ပြိုင်စာဆိုအမည်ကို ဖော်ပြပါ။

(ခ) ဘုန်းနှင့်ကံနှင့် ရွှေသဇင်ကဗျာမှ သဇင်ပန်း၏ဂုဏ်ကို ပေါ်လွင်အောင်တင်ပြပါ။ (၁၀မှတ်)

**(သို့မဟုတ်)**

တပေါင်းညာကျင် ကဗျာမှ တပေါင်းလ၏သာယာပုံကို စာဆိုက မည်သို့ဖွဲ့ဆိုထားသနည်း။

**[တစ်ဖက်သို့**

၄။ (က) အောက်ပါတို့မှ **ငါးခု** ကို ဖြေပါ။ (၅မှတ်)

(၁) စီးချင်းတိုက်ပွဲကို မည်သည့်ကျမ်းမှ ထုတ်နုတ်ထားသနည်း။
(၂) ဦးပေါင်းကျားနှင့်မြင်းကျားရှင်ကို မည်သူရေးသနည်း။
(၃) ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် မည်သည့်ဟောစာစာရင်းတွင် ပါဝင်သနည်း။
(၄) ပညာသင်ခါမရှက်ရာကို မည်သည့်ခေတ်တွင်ရေးသနည်း။
(၅) ဦးဖိုးကျား၏ဇာတိကိုဖော်ပြပါ။
(၆) သိပ္ပံမောင်ဝ၏ အမည်ရင်းကိုဖော်ပြပါ။
(၇) ဦးဖေမောင်တင်ကို ရန်ကုန်တက္ကသိုလ်က မည်သည့်ဘွဲ့ချီးမြှင့်ခဲ့သနည်း။

(ခ) သိဃ်သူ့သမီးကျောင်းစာမှ အလှူရှင်၏ အလှူပြုပုံ၊ အမျှဝေပုံ၊ ဆုတောင်းပုံ တို့ကို အစီအစဉ်တကျ ရှင်းလင်းတင်ပြပါ။ (၁၀မှတ်)

**(သို့မဟုတ်)**

ပတ္တမြားကျောက်စီဓား စကားပြေမှ သူရဲကောင်းတို့၏ လေးစားထိုက်သော ဂုဏ်ရည်ကို ပေါ်လွင်အောင် စာဆိုက မည်သို့သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၅မှတ်)

"မွန်းတည့်တုန်းနေ၊အခိုးဝေတဲ့၊သဲမြေပူမှာ၊တစ်ရှူမနား၊ကလျက်ပြေးကာ၊ဝမ်းပန်းသာတဲ့၊ ကြောင်းလျာများကို၊ မုသားမဖန်၊ ဟုတ်တိုင်းပြန်၊ အမှန်တင်စမ်း။"

(ခ) ရေသည်ပြဇာတ်မှ အောက်ပါ **တစ်ခု** ကို ဖြေဆိုပါ။ (၁၀မှတ်)

(၁) ရေသည်ယောက်ျားနှင့် ရေသည်မိန်းမတွေ့ဆုံခန်း
(၂) ရေသည်မိန်းမ၏ ကံသုံးပါးအမူအရာ ဖန်တီးပုံ

၆။ (က) အောက်ပါတို့အနက် **တစ်ခု**ကို ပေးထားသောအချက်အလက်များနှင့်အညီ စာစီကုံးပါ။ (၁၀မှတ်)

(၁) **မိုးသည်းသောနေ့တစ်နေ့**
နံနက်ခင်းမှစ၍ မိုးသားများအုံ့မှိုင်းလာပုံ၊ မိုးသည်းထန်စွာရွာလာပုံ၊ သက်ရှိတို့လှုပ်ရှားမှု၊ သက်မဲ့မြင်ကွင်းများ၊ မိုးသည်းသောမြင်ကွင်းကြောင့် ဖြစ်ပေါ်လာသောအတွေးခံစားချက်။

(၂) **ကျန်းမာခြင်းသည် လာဘ်တစ်ပါး**
ကျန်းမာခြင်း၏အရေးကြီးပုံ၊ကျန်းမာရေးကိုဂရုစိုက်သင့်ပုံ၊ကျန်းမာခြင်း၏ကောင်းကျိုးများ၊ မကျန်းမာခြင်း၏ ဆိုးကျိုးများ၊ ကျန်းမာခြင်းနှင့်ပတ်သက်သော သင့်အတွေးအမြင်။

(ခ) အောက်ပါအဆိုများအနက် **တစ်ခု** ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။ (၁၀မှတ်)

(၁) ကဗျာသည် စကားပြေထက်ပို၍ စိတ်ဝင်စားစရာကောင်းသည်။။
(၂) စကားများများပြောခြင်းသည် လူမှုဆက်ဆံရေးကို ပိုမိုကောင်းမွန်စေသည်။